စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

# ၂၀၂၀ ပြည့်နှစ်(မိုး)တွင် ဒက္ခိဏခရိုင်၏ CERP အစီအစဉ်အရ မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက် ပြီးစီးမှုအခြေအနေ

ဒေါ်လှဲ့လှဲ့ဝင်း
ဦးစီးအရာရှိ
ဒက္ခိဏခရိုင်

# နိဒါန်း

COVID-19 Economic Relief Plan(CERP) အရ တောင်သူများအပေါ် ကပ်ရောဂါကြောင့် ထိခိုက်မှုမရှိစေရေးအတွက် မြန်မာတစ်နိုင်ငံလုံးတွင် မိုးစပါး မျိုးသန့်မျိုးစေ့ထုတ်စိုက်ဧက(၁)သိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ ဥတ္တရခရိုင်အနေဖြင့် အရည်အသွေးကောင်း စပါး(၁၂၁.၅)ဧက ၊ အထွက်ကောင်းစပါး (၁၆၅၄.၅) ဧက၊ စုစုပေါင်း (၁၇၇၆)ဧက နှင့် ဒက္ခိဏခရိုင်အနေဖြင့် အရည်အသွေးကောင်းစပါး (၂၇၅)ဧက ၊ အထွက်ကောင်းစပါး (၁၇၇၈.၅)ဧက၊ စုစုပေါင်း(၂၀၅၃.၅) ဧက၊ နေပြည်တော်တိုင်းချုပ်အနေဖြင့်အရည်အသွေးကောင်းစပါး(၃၉၆.၅)ဧက ၊ အထွက်ကောင်းစပါး (၃၄၃၂.၅)ဧက၊ စုစုပေါင်း(၃၈၂၉) ဧက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါသည်။

# ရည်ရွယ်ချက်

- မျိုးသန့်မျိုးစေ့များအား ၊ တောင်သူများ လိုအပ်သည့်ပမာဏကို လိုအပ်သည့်အချိန်တွင် အလွယ်တကူ အသုံးပြု ရရှိနိုင်စေရန်၊

- COVID-19ကပ်ရောဂါကြောင့် တောင်သူများအပေါ် ထိခိုက်မှုမရှိစေရေး ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန်

- အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်၊

# COVID-19 Economic Relief Plan(CERP) ဆောင်ရွက်ရသည့်အကြောင်းအရင်း

၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီတွင် နိုင်ငံတော်မှ COVID-19 Economic Relief Plan(CERP) အရ COVID-19 ကပ်ရောဂါကြောင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှု မရှိစေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် မျိုးစေ့ထုတ်လုပ်ငန်းကိုလုပ်ကိုင်မည့် **လုပ်ကွက်ငယ်တောင်သူများ**ကိုဦးစားပေးရွေးချယ်၍ မျိုးစေ့ထုတ်လုပ်ငန်းကိုကိုယ်တိုင်ဆောင်ရွက်တတ်စေရန် ၊ မျိုးကောင်း၊မျိုးသန့်မျိုးစေ့များအားလိုအပ်သည့်ပမာဏကို လိုအပ်သည့်အချိန်တွင် **သင့်တင့်သောဈေးနှုန်း**ဖြင့် အလွယ်တကူရရှိနိုင်စေရန် နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

# ဆောင်ရွက်ခဲ့သည့်အသေးစိတ်လုပ်ငန်းများမှာ(တောင်သူများရွေးချယ်ခြင်း)

၁။ မျိုးစေ့ထုတ်လုပ်ငန်းအတွေ့အကြုံရှိသူ(သို့) အကျိုးဆောင်တောင်သူ(သို့) မျိုးစေ့ထုတ်
တောင်သူအစုအဖွဲ့(သို့)မျိုးစေ့ထုတ်သမဝါယမအသင်းဝင်တောင်သူ

၂။ (R.S) Registered Seed မျိုးသန့်မျိုးပွားမျိုးစေ့ကိုအသုံးပြုစိုက်ပျိုးသူ

၃။ ကျွမ်းကျင်သူဝန်ထမ်းများမှ ကွင်းဆင်းစစ်ဆေးခြင်းကို လက်ခံလိုက်နာနိုင်သူ

၄။ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထုတ်ပြန်ထားသည့် စိုက်ပျိုးနည်းစနစ်များနှင့်အညီ လိုက်နာ
ဆောင်ရွက်နိုင်သည့်တောင်သူ

၅။ ရရှိလာသော(C.S)မျိုးစေ့အရည်အသွေးစစ်ဆေးခြင်းခံယူ၍ထောက်ခံချက်ရယူကာ တောင်သူ
များထံသို့မျိုးအဖြစ်ဆက်လက် ဖြန့်ဖြူးပေးပြီး ၊ ဖြန့်ဖြူးမှု မှတ်တမ်းအားစနစ်တကျပြုစုထား
နိုင်သူဖြစ်ရမည်။

# မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ

- ✓ ကွင်းဆင်းစစ်ဆေးခြင်း (Field Inspection) ( မျိုး ၊ စိုက်ပျိုးနည်းစနစ်၊အပင်ပြုစုစောင့်ရှောက်ခြင်း၊ မျိုးကွဲနှုတ်ပယ်ခြင်း၊ ရိတ်သိမ်းခြွေလှေ့သန့်စင်ခြင်း)
- ✓ မျိုးစေ့နမူနာယူခြင်း ( Seed Sampling )
- ✓ မျိုးစေ့အရည်အသွေးစစ်ဆေးခြင်း ( Seed Testing )
- ✓ မျိုးစေ့ထောက်ခံချက်ပေးခြင်း ( Seed Certification )
- ✓ ထောက်ခံချက်ရရှိပြီးသော မျိုးစေ့များအား တောင်သူများထံသို့ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ပြီး မှတ်တမ်းများလည်း စနစ်တကျပြုစုဆောင်ရွက်သွားပါမည်။

# CERP အစီအစဉ်အရမျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | မြို့နယ်အမည် | နည်းလမ်းအလိုက် စိုက်ပျိုးဆောင်ရွက်မှု (ဧက) | | | | မျိုးကွဲအမည် |
|---|---|---|---|---|---|---|
| | | တောင်သူ အစုအဖွဲ့ | အကျိုးတူ လယ်ယာ | အကျိုးဆောင် တောင်သူ | စုစု ပေါင်း | |
| ၁ | ပျဉ်းမနား | - | - | ၃၄၀ | ၃၄၀ | မနောသုခ<br>ဆင်းသုခ<br>ထိုင်းနှံကောက်<br>နယူးရော-၁၂<br>ရွှေအာဆီယံ<br>ရောမင်း<br>ပေါ်ဆန်းရင် |
| ၂ | လယ်ဝေး | ၁၄၉၄ | - | - | ၁၄၉၄ | |
| ၃ | ဇမ္ဗူသီရိ | ၅၀ | - | - | ၅၀ | |
| ၄ | ဒက္ခိဏသီရိ | ၁၅ | ၁၂၀.၅ | ၃၄ | ၁၆၉.၅ | |
| ဒက္ခိဏခရိုင်ချုပ် | | **၁၅၅၉** | **၁၂၀.၅** | **၃၇၄** | **၂၀၅၃.၅** | |

# ၂၀၂၀ ပြည့်နှစ် ၊ ဒက္ခိဏခရိုင်၏ မိုးစပါးရာသီတွင် CERP အစီအစဉ်အရ (R.S to C.S) မျိုးစေ့ထုတ်လုပ်ငန်းများအားငွေကြေးထောက်ပံ့ပေးခဲ့မှုအခြေအနေ

| စဉ် | မြို့နယ်အမည် | CERPအစီအစဉ်အရငွေကြေးထောက်ပံ့ပေးမှု(ဧက) | | | | စုစုပေါင်း (ဧက) | စုစုပေါင်း (ငွေကျပ်) |
|---|---|---|---|---|---|---|---|
| | | အရည်အသွေးကောင်း | ငွေကြေးထောက်ပံ့မှု | အထွက်ကောင်း | ငွေကြေးထောက်ပံ့မှု | | |
| ၁ | ပျဉ်းမနား | ၂၇.၅ | ၄၁၃၈၇၅၀ | ၃၁၂.၅ | ၄၆၄၀၆၂၅၀ | ၃၄၀ | ၅၀၅၄၅၀၀၀ |
| ၂ | လယ်ဝေး | ၁၆၉ | ၂၅၄၃၄၅၀၀ | ၁၃၂၅ | ၁၉၆၇၆၂၅၀၀ | ၁၄၉၄ | ၂၂၂၁၉၇၀၀၀ |
| ၃ | ဇမ္ဗူသီရိ | ၄ | ၆၀၂၀၀၀ | ၄၆ | ၆၈၃၁၀၀၀ | ၅၀ | ၇၄၃၃၀၀၀ |
| ၄ | ဒက္ခိဏသီရိ | ၇၄.၅ | ၁၁၂၁၂၂၅၀ | ၉၅ | ၁၄၁၀၇၅၀၀ | ၁၆၉.၅ | ၂၅၃၁၉၇၅၀ |
| ခရိုင်ချုပ် | | ၂၇၅ | ၄၁၃၈၇၅၀၀ | ၁၇၇၈.၅ | ၂၆၄၁၀၇၂၅၀ | ၂၀၅၃.၅ | ၃၀၅၄၉၄၇၅၀ |

# (၃၁.၁၂.၂၀၂၀) နေ့အထိရိတ်သိမ်းပြီးစီးဧကနှင့် (၂၀၅၃.၅) ဧကအားလုံးမှ မျိုးသန့်များအား(ပြန်လည်စိုက်ပျိုးနိုင်မည့်ခန့်မှန်းဧက)

| စဉ် | မြို့နယ် | စုစုပေါင်း မိုးစပါး စိုက် (ဧက) | CERP အရ စိုက် (ဧက) | ရိတ် (ဧက) | အထွက် နှုန်း (တင်း) | အထွက် တင်း | မျိုးသန့်ပြန် လည်စိုက်ပျိုး နိုင်မည့် (ခန့်မှန်းဧက) |
|---|---|---|---|---|---|---|---|
| ၁ | ပျဉ်းမနား | ၁၆၁၈၂ | ၃၄၀ | ၂၀၉ | ၉၀.၉၄ | ၁၉၀၀၆ | ၂၇၂၀၀ |
| ၂ | လယ်ဝေး | ၆၂၅၃၅ | ၁၄၉၄ | ၁၅၁ | ၉၇.၈၃ | ၁၄၇၇၃ | ၁၁၉၅၂၀ |
| ၃ | ဇမ္ဗူသီရိ | ၁၂၅၉ | ၅၀ | ၂၁ | ၈၄.၅၇ | ၁၇၇၆ | ၄၀၀၀ |
| ၄ | ဒက္ခိဏသီရိ | ၇၁၉၈ | ၁၆၉.၅ | ၈၁ | ၈၃.၅၃ | ၆၇၆၆ | ၁၃၅၆၀ |
| ခရိုင်ချုပ် | (၄)မြို့နယ် | ၈၇၁၇၄ | ၂၀၅၃.၅ | ၄၆၂ | ၉၁.၆၀ | ၄၂၃၂၁ | ၁၆၄၂၈၀ |

ပုံ(၁) တောင်သူလက်ဝယ်အရောက် မျိုးများပို့



ပုံ(၂) တောင်သူများအားထောက်ပံ့ငွေပေးအပ်ပွဲ





ပုံ(၃) စိုက်ခင်းများသို့ကြည့်ရှု့အားပေးခြင်း



ပုံ(၄) စိုက်ခင်းများသို့ကြည့်ရှုအားပေးခြင်း

ပုံ(၅) ပျိုးထောင်ထားရှိမှုအားကြည့်ရှုစစ်ဆေးခြင်း



ပုံ(၆) စိုက်စနစ်မှန်/မမှန်အားကြည့်ရှုစစ်ဆေးခြင်း





ပုံ(၇) စိုက်စနစ်မှန်/မမှန်အားကြည့်ရှုစစ်ဆေးခြင်း



ပုံ(၈) စိုက်စနစ်မှန်/မမှန်အားကြည့်ရှုစစ်ဆေးခြင်း

(ပုံ-၉)မျိုးကွဲနှုတ်ပယ်နေမှုအားလက်တွေ့ပြသစစ်ဆေး



(ပုံ-၁၀)မျိုးကွဲနှုတ်ပယ်နေမှုအားလက်တွေ့ပြသစစ်ဆေး





(ပုံ-၁၁)Field pass ပေးနိုင်ရန်ကွင်းဆင်းစစ်ဆေး



(ပုံ-၁၂)Field pass ပေးနိုင်ရန်ကွင်းဆင်းစစ်ဆေး



(ပုံ-၁၃)Field pass ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေး




(ပုံ-၁၄) Field pass ပေးနိုင်ရန်ကွင်းဆင်းစစ်ဆေး



(ပုံ-၁၅)Field day ပြုလုပ်ပြသနေပုံ



(ပုံ-၁၆)ညွှန်ကြားရေးမှူးချုပ်မှ စိုက်ခင်းကြည့်ရှုအားပေး

(ပုံ-၁၇)သန့်စင်အခြောက်လှန်းနေမှုအားကြည့်ရှု့



(ပုံ-၁၈)သန့်စင်အခြောက်လှန်းနေမှုအားကြည့်ရှု့





(ပုံ-၁၉)မျိုးစေ့နမူနာယူနေပုံ



(ပုံ-၂၀)အစိုဓါတ်တိုင်း၊မျိုးစေ့နမူနာယူနေပုံ

(ပုံ-၂၁) မျိုးစေ့နမူနာပို့ရန်ဆောင်ရွက်နေမှု




(ပုံ-၂၂) မျိုးစေ့နမူနာပို့ရန်ဆောင်ရွက်နေမှု





(ပုံ-၂၃) မျိုးစေ့နမူနာပို့ရန်ဆောင်ရွက်နေမှု



(ပုံ-၂၄) မျိုးစေ့နမူနာပို့ရန်ဆောင်ရွက်နေမှု

# မျိုးစေ့ထုတ်လုပ်ငန်းတွင်တွေ့ရှိရသောအားသာချက်များ

- CERP အရ မျိုးစေ့ထုတ်လုပ်မှုအစီအစဉ်ကို နေရာအနှံ့အပြားတွင်ဆောင်ရွက်ခဲ့သည့်အတွက် စိတ်ပါဝင်စားသောမျိုးစေ့ထုတ်တောင်သူအများအပြားတွေ့ရခြင်း။
- မျိုးစေ့ထုတ်အစီအစဉ်မှတဆင့် Farmer to Farmer ချိတ်ဆက်မှုကြောင့် နည်းပညာများ ပိုမိုသိရှိလာနိုင်ခြင်းနှင့် သင့်တင့်သောဈေးနှုန်းဖြင့် မျိုးများချိတ်ဆက်ဝယ်ယူ/ရောင်းချရာတွင် လွယ်ကူချောမွေ့စေခြင်း။
- ထွက်ရှိလာသော C.S စပါးများသည် မရိတ်သိမ်းမီအချိန်ကတည်းက ဈေးကြိုပေးစနစ်များဖြင့် ဝယ်ယူသူများနှင့်ချိတ်ဆက်ထားပြီးသားအခြေအနေကိုတွေ့ရခြင်း။
- ခရိုင်အတွင်း၌ မျိုးစေ့ထုတ်ကုမ္ပဏီများ ၊ မျိုးစေ့ထုတ်သည့်တောင်သူများရှိခဲ့သော်လည်း CERP အရ မျိုးစေ့ထုတ်လုပ်ငန်းကိုပူးပေါင်းလုပ်ကိုင်ခဲ့ခြင်းကြောင့်အောင်မြင်မှုများပိုမိုရရှိခဲ့ခြင်း။
- လာမည့်ရာသီများတွင်လည်း ယခုလိုအစီအစဉ်မျိုးဆောင်ရွက်ပေးရန်တောင်သူများဆန္ဒရှိခြင်း။

# အားနည်းချက်

- ပထမဆုံးအတွေ့အကြုံအရ မျိုးစေ့ထုတ်သည့်တောင်သူများအတွက် မျိုးသန့်ရရှိအောင် ဆောင်ရွက်ရာတွင်အခက်အခဲအနည်းငယ်တွေ့ရခြင်း။
- တောင်သူအားလုံးအား ငွေကြေးမထောက်ပံ့နိုင်သောကြောင့် နားလည်မှုလွဲမှားကာ တိုင်တန်းမှုများရှိခဲ့ခြင်း။
- တစ်ဦးချင်းနားလည်သဘောပေါက်သိရှိအောင်ပြောကြားရန်အတွက် လုံလောက်သည့် အချိန်မရရှိခဲ့ခြင်း။

# သုံးသပ်ချက်

- မျိုးစေ့ထုတ်လုပ်ငန်းကိုစိတ်ပါဝင်စားသော တောင်သူအများအပြားတွေ့ရသည့်အတွက် မျိုးစေ့ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုအားကောင်းလာနိုင်စေခြင်း။
- ယခုနှစ် မိုးစပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကကုန်ကျစရိတ်ထက် ပြန်လည်ရရှိသော အမြတ်ငွေမှာ ပိုမိုများပြားသောကြောင့် တောင်သူအနေဖြင့်တွက်ချေကိုက်သော အနေအထားကိုတွေ့ရပြီး တောင်သူများစိတ်ချမ်းသာနေသည်ကို တွေ့ရှိရခြင်း။
- ထူးခြားချက်အနေဖြင့် ( ဝေးလံသောတောင်ပေါ်ဒေသများနှင့် ကျေးရွာများတွင် ) မျိုးစေ့ထုတ်လုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ စိတ်ပါဝင်စားသောတောင်သူများတွေ့ရပြီး မျိုးများပြောင်းလဲရန်နှင့်စိုက်စနစ်ကိုသဘောကျသော တောင်သူများလည်းတွေ့ခဲ့ရခြင်း။
- CERPအရထောက်ပံ့ငွေပေးအပ်မှုအစီအစဉ်တွင်(ငွေရေး/ကြေးရေး)ကဏ္ဍပါလာသည့်အတွက်တောင်သူများအတွက်အဆင်ပြေသော်လည်း ဝန်ထမ်းများအနေဖြင့် တာဝန်ကြီးလေးမှုများကြုံခဲ့ရခြင်း။


# အကြံပြုချက်

- ရရှိလာသောမျိုးစေ့များအား နိုင်ငံတော်အနေဖြင့် ပြန်လည်ဝယ်ယူမှုအစီအစဉ်များ ပြုလုပ်ပေး မည်ဆိုပါက တောင်သူများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ခြင်း။
- မျိုးစေ့ထုတ်သည့်တောင်သူတိုင်းအားထောက်ပံ့ငွေများပေးနိုင်မည်ဆိုပါက ပို၍ကောင်းမွန်လာ မည်ဖြစ်ခြင်း။
- နိုင်ငံတော်အစိုးရမှ CERP အစီအစဉ်အရလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဆိုပါက စပါးအပါအဝင် အခြားသီးနှံများပါဆောင်ရွက်သင့်ခြင်း။

# နိဂုံး

## ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

- ✓ Contract Farming စနစ်ကိုပိုမိုအားကောင်းစေရန်နှင့် တောင်သူတိုင်း ကိုယ်ပိုင်မျိုးသန့် ထုတ်တတ်သွားစေရန်နည်းပညာများပံ့ပိုးပေးပြီးကူညီဆောင်ရွက်ပေးသွားပါမည်။
- ✓ စပါးသီးနှံတစ်ခုတည်းသာမကပဲ သီးနှံစုံအား မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ✓ (C.S)မျိုးစေ့များအား အရည်အသွေးစစ်ဆေးခြင်းခံယူ၍ ထောက်ခံချက်ရယူကာ တောင်သူများထံသို့ မျိုးအဖြစ်သင့်တင့်သောဈေးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးပေးပြီး ၊ ဖြန့်ဖြူးမှုမှတ်တမ်းများကိုလည်း စနစ်တကျပြုစုဆောင်ရွက်သွားပါမည်။


ကျေးဇူးတင်ပါသည်။